သတင်းထုတ်ပြန်ချက်

မေ- ၄၊ ၂၀၂၂။

ENEOS' ၏ မြန်မာနိုင်ငံမှထွက်ခွာမှုကို NGO များ သတိကြီးစွာဖြင့် ကြိုဆိုပြီး ရဲတံခွန်ဓါတ်ငွေ့စီမံကိန်းကို စနစ်တကျပိတ်သိမ်း၍ တာဝန်ယူမှုရှိရှိ ထွက်ခွါရန် တောင်းဆို

ENEOS Holdings က မေလ ၂ ရက်နေ့တွင် ၎င်းတို့သည် မြန်မာနိုင်ငံမှ နုတ်ထွက်ကြောင်း ကြေညာခဲ့ သည်။

ENEOS ၏ ထုတ်ပြန်ချက်တွင် မြန်မာနိုင်ငံ၏ "လူမှုရေးပြဿနာများ" အပါအဝင် လက်ရှိအခြေအနေများကို ထည့်သွင်း စဉ်းစားကြောင်း ဖော်ပြထားသော်လည်း ကုမ္ပဏီက တာဝန်ယူရမည့် လူ့အခွင့်အရေးနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များကို ထည့်သွင်းပြောဆိုခြင်း မရှိပေ။

Mekong Watch၊ FoE Japan နှင့် Justice for Myanmar (JFM) တို့က ENEOS အနေဖြင့် မြန်မာစစ်တပ် အတွက် ဘဏ္ဍာငွေထောက်ပံ့နေသည့် စီမံကိန်းလုပ်ငန်းကို မူလကတည်းက မလုပ်သင့်လျက်နှင့် လုပ်ခဲ့ခြင်း ဖြစ်ပြီး ယခုထွက်ခွာခြင်းသည် နောက်ကျနေပြီဖြစ်သော်လည်း သတိကြီးစွာဖြင့် ကြိုဆိုပြီး စီမံကိန်းမှ နှုတ်ထွက်ခြင်းကို တာဝန်ယူတာဝန်ခံမှုဖြင့် ဆောင်ရွက်မှု ရှိ မရှိကို သတိကြီးကြီးထားပြီး စောင့်ကြည့် သွားမည် ဖြစ်သည်။

ENEOS နှင့် ၎င်း၏လုပ်ဖော်ကိုင်ဖက်များသည် ပွင့်လင်းမြင်သာမှုရှိစွာ ဒေသခံလူထုများ အပါအဝင် သက်ဆိုင်သူများနှင့် ဆွေးနွေးတိုင်ပင်ခြင်းဖြင့် တာဝန်ယူတာဝန်ခံမှု အပြည်အဝဖြင့် နှုတ်ထွက်ရန် ကျွန်ုပ်တို့ အနေဖြင့် လေးလေးနက်နက် တိုက်တွန်းပါသည်။

မြန်မာနိုင်ငံမှ ထွက်ခွာရာတွင် ENEOS နှင့် ၎င်း၏ နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများသည် ကုန်ခမ်းလုနီး ဖြစ်မည်ဟု ခန့်မှန်းထားသည့် ဓါတ်ငွေ့တွင်းများကို အဆင့်ဆင့် ပိတ်သိမ်းရန် အစီအစဉ်တကျ လုပ်ဆောင် ပေးရမည်ဖြစ်သည်။ ထိုသို့ စနစ်တကျဆောင်ရွက်မှသာ ကျန်ရှိနေသေးသည့်ဝင်ငွေများသည် မြန်မာစစ်တပ် သို့မရောက်ရှိရန် သေချာစေမည်ဖြစ်ပြီး လူ့အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကို လည်း ရှောင်ရှားနိုင်မည်ဖြစ်သည်။

ဓာတ်ငွေ့တွင်းများကို သဘာဝပတ်ဝန်းကျင်ဆိုင်ရာ တာဝန်ယူတာဝန်ခံသည့် နည်းလမ်းများဖြင့် ပိတ်သိမ်း ခြင်းသည် ငွေကုန်ကြေးကျလည်း များလှသည့်အတွက် တရားမဝင်စစ်ကောင်စီ၏ ထိန်းချုပ်မှုအောက်ရှိ မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း (MOGE) သည် ဓာတ်ငွေ့တွင်းများကို စနစ်တကျ ပိတ်သိမ်းမည်ဟု ယုံကြည် နိုင်ဖွယ်မရှိပေ။ ထို့ကြောင့် ရဲတံခွန်စီမံကိန်းမှ အကျိုးအမြတ် ရရှိခဲ့သော ဂျပန်ရင်းနှီးမြှုပ်နှံသူများ

သည် သဘာဝဓာတ်ငွေ့တွင်းကို တာဝန်ယူတာဝန်ခံ၍ ပိတ်သိမ်းပြီး ဆိုးကျိုးသက်ရောက်စေမည့် လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ထိခိုက်မှုများကို ပြန်လည်ကုစားပေးရမည်ဖြစ်ပါသည်။

ENEOS သည် ၎င်း၏လုပ်ငန်းခွဲဖြစ်သော Nippon Oil Exploration (Myanmar) မှတဆင့် ရဲတံခွန်သဘာဝဓာတ်ငွေ့စီမံကိန်းတွင် ရင်းနှီးမြှုပ်နှံထားပြီး ဂျပန်အစိုးရနှင့် မစ်ဆူဘီရှိကော်ပိုရေးရှင်းတို့၏ ရင်းနှီးမြှုပ်နှံမှုများလည်း ပါဝင်သည်။

ဂျပန်အစိုးရအပါအဝင် ENEOS နှင့် Mitsubishi ကော်ပိုရေးရှင်း၏ အစုရှယ်ယာရှင်များသည် ရဲတံခွန်စီမံကိန်းမှ နှုတ်ထွက်ခြင်းနှင့် ပိတ်သိမ်းရေးလုပ်ငန်းစဉ်များ စနစ်တကျဖြစ်စေရေးအတွက် တက်ကြွသော အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ပေးရန် ကျွန်ုပ်တို့က တောင်းဆိုပါသည်။

ဇန်နဝါရီလတွင် Mekong Watch ၊ FOE Japan ၊ Justice For Myanmar နှင့် NGO များပါရှိသော ပူးပေါင်းအဖွဲ့များသည် ENEOS နှင့် Mitsubishi တို့တွင် ရင်းနှီးမြှုပ်နှံသူများ အပါအဝင် မြန်မာနိုင်ငံ၏ ပြဿနာရှိနေသောစီမံကိန်းများမှတဆင့် ဆက်လက်၍ ငွေကြေးများပံ့ပိုးပေးနေသည့် ဂျပန်ကုမ္ပဏီလေးခု၏ [အဖွဲ့အစည်းဆိုင်ရာရင်းနှီးမြှုပ်နှံသူ(၁၂၅)ဦးထံ စာရေးသားပေးပို့](#) ခဲ့သည်။ ယခုကာလသည် ရင်းနှီးမြှုပ်နှံသူများ၏ ပါဝင်မှု အခန်းကဏ္ဍမှာ အရေးပါသောကာလဖြစ်သည်။

ကုလသမဂ္ဂ၏ စီးပွားရေးနှင့်လူ့အခွင့်အရေးဆိုင်ရာလမ်းညွှန်မူများ အောက်တွင် လူ့အခွင့်အရေးကို ကာကွယ်စောင့်ရှောက်ရန် ဂျပန်အစိုးရသည် ၎င်း၏နိုင်ငံတော်တာဝန်မှတဆင့် အထူးအရေးကြီးသော အခန်းကဏ္ဍတွင် ရှိနေပါသည်။

ENEOS နုတ်ထွက်မှုသည် ၎င်းတို့၏ စီမံကိန်းလုပ်ဖော်ကိုင်ဖက် Mitsubishi ၊ Petronasနှင့် PTTEP တို့၏ ကြေညာချက်များထုတ်ပြန်ပြီးနောက်မှ ကြေညာခဲ့ခြင်း ဖြစ်သည်။

Mekong Watch အဖွဲ့၏ ဒါရိုက်တာ Yuka Kiguchi က "ENEOS ရဲ့ ထုတ်ပြန်ချက်တွေမှာ ကုမ္ပဏီတွေ နုတ်ထွက်ပြီးတဲ့နောက် ဓာတ်ငွေ့ထုတ်လုပ်မှုဆက်ပြီး ရှိ မရှိ ဆိုတာမျိုးနဲ့ ရုပ်သိမ်းတဲ့ကုမ္ပဏီတွေအနေနဲ့ ဓာတ်ငွေ့တွင်းတွေ ပိတ်သိမ်းတဲ့လုပ်ငန်းအတွက် ဘယ်လိုတာဝန်ယူမယ်ဆိုတဲ့ အရေးကြီးတဲ့ အချက်အလက်တွေကို ထုတ်ဖော်ပြောကြားတာမျိုးမရှိပါဘူး၊ သူတို့ ရုတ်သိမ်းတာမှာ လူ့အခွင့်အရေးနဲ့ သဘာဝပတ်ဝန်းကျင်ကို ထည့်သွင်းစဉ်းစားရမှာဖြစ်ပြီး နုတ်ထွက်တဲ့ ကုမ္ပဏီတွေဟာ မြန်မာနိုင်ငံနဲ့ နိုင်ငံတကာအသိုင်းအဝိုင်းအတွက် တာဝန်ခံရမှာ ဖြစ်ပါတယ်" ဟု ပြောကြားခဲ့သည်။

Justice For Myanmar ၏ ပြောရေးဆိုခွင့်ရှိသူ မရတနာမောင်က "ENEOS Holdings ဟာ မြန်မာပြည်သူတွေနဲ့ ကမ္ဘာတဝှမ်းက တက်ကြွလှုပ်ရှားသူတွေရဲ့ ညီညီညာညာနဲ့ ဆက်တိုက်ဖိအားပေးမှုတွေကြောင့်

မြန်မာစစ်ရာဇဝတ်ဂိုဏ်းနဲ့ ပူးတွဲလုပ်နေတဲ့ သူတို့ရဲ့လုပ်ငန်းကို ရပ်ဆိုင်းလိုက်ပါပြီ။ အခုတော့ ENEOS က သူတို့ရဲ့ လူ့အခွင့်အရေးနဲ့ သဘာဝပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းတွေကို ကျေပွန်စွာထမ်းဆောင်ခဲ့ဖို့ တာဝန်ရှိကြောင်း ပြသရမယ့်အချိန် ဖြစ်ပါတယ်။ ဒီလိုလုပ်ဆောင်ရာမှာ ENEOS အနေနဲ့ ပိုက်လိုင်းဧရိယာအတွင်းက လူမှုအသိုင်းအဝိုင်းတွေအပါအဝင် အမျိုးသားညီညွတ်ရေးအစိုးရ NUG ရဲ့အဓိကတာဝန်ရှိသူတွေနဲ့ အနီးကပ်တိုင်ပင်ဆွေးနွေးဖို့ လိုပါတယ်။ နားလည်ထားရမှာက စစ်ကောင်စီဟာ မြန်မာနိုင်ငံရဲ့အစိုးရမဟုတ်ပါဘူး၊ အကြမ်းဖက်စစ်ရာဇဝတ်ဂိုဏ်းပါ၊ ENEOS ဖက်က စစ်ကောင်စီကို မြန်မာနိုင်ငံရဲ့ "အစိုးရ" တစ်ရပ်အနေနဲ့ ရည်ညွှန်းပြောဆိုနေတာတွေ ရပ်တန့်ပြီး သူတို့ရဲ့ ထုတ်ပြန်ချက်တွေမှာ စစ်ကောင်စီကို တရားဝင်မှုဖြစ်စေတဲ့ အသုံးအနှုန်းမျိုးတွေကို ဖယ်ရှားပစ်ဖို့ လိုပါတယ်” ဟု ပြောကြားခဲ့သည်။

ဆက်သွယ်ရန်

Yuka Kiguchi, Mekong Watch: info@mekongwatch.org
Yadanar Maung, Justice For Myanmar: media@justiceformyanmar.org